# မြန်မာနိုင်ငံသားများ မြန်မာသံရုံးတိုကျိုသို့ လက်ထပ်ရန် လိုအပ်ချက်များ

၁။ သံအမတ်ကြီး၊ မြန်မာသံရုံး သို့ လိပ်မူလျက် မြန်မာသံရုံးတွင်လက်ထပ်ခွင့်ပြုရန် လျှောက်ထားသူ နှစ်ဦးလုံးမှ လက်မှတ် ရေးထိုးထားသည့် လျှောက်လွှာ

၂။ လျှောက်ထားသူ နှစ်ဦးလုံး၏ မြန်မာနိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူများ

၃။ လျှောက်ထားသူ နှစ်ဦးလုံး၏ ကိုယ်ရေးရာဇဝင်များ

၄။ လျှောက်ထားသူများသည် ကျောင်းသားဖြစ်ပါက တက်ရောက်နေသော ကျောင်းမှ ကျောင်းသား ဖြစ်ကြောင်း ထောက်ခံစာ (သို့မဟုတ်) လျှောက်ထားသူများ သည် ဝင်ငွေခွန် ပေးဆောင်နေသူ ဖြစ်ပါက ဝင်ငွေခွန် အား လာရောက် လျှောက်ထားချိန် အထိ ပေးဆောင် ထားသော ဝင်ငွေခွန်ပြေစာ

၅။ လျှောက်ထားသူများ မြန်မာနိုင်ငံတွင် နေထိုင်သည့် ရပ်ကွက်ရုံးမှ ထောက်ခံစာ၊

၆။ လျှောက်ထားသူများ မြန်မာနိုင်ငံတွင် နေထိုင်သည့် ရပ်ကွက်နှင့် သက်ဆိုင်သည့် ရဲစခန်းမှ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာ

၇။ လျှောက်ထားသူများ၏ သန်းခေါင်စာရင်းမိတ္တူ

၈။ လျှောက်ထားသူ အမျိုးသား၏ မိဘတစ်ဦးဦးမှ အိမ်ထောင် မရှိသူ လူပျို/လူလွတ် ဖြစ်ကြောင်း တရားရုံးတွင် ကျမ်းကျိန်လွှာ နှင့်၊ လျှောက်ထားသူ အမျိုးသမီး၏ မိဘတစ်ဦးဦးမှ အိမ်ထောင် မရှိသူ အပျို/လူလွတ် ဖြစ်ကြောင်း တရားရုံးတွင် ကျမ်းကျိန်လွှာ (မိဘများ နေထိုင်သည့် မြို့နယ်တရားရုံး (သို့မဟုတ်) မိမိ နေထိုင်သည့် မြို့နယ်တရားရုံး တွင်ကျိန်ဆိုသည့် ကျမ်းကျိန်လွှာ ဖြစ်ရပါမည်။)

၉။ လက်ထပ်ခြင်းကို ကန့်ကွက်ရန်မရှိကြောင်း လျှောက်ထားသူ နှစ်ဦးလုံး၏ မိဘများမှ လက်မှတ်ရေး ထိုးထားသည့်လျှောက်လွှာ

## မှတ်ချက်

၁။ အထက်ပါ အမှတ်စဥ် (၁) မှ (၉) အတိုင်း ပြည့်စုံမှု ရှိသော လျှောက်လွှာ များအား သံရုံးမှ လက်ခံရရှိပြီး တစ်ပါတ်အကြာတွင် ဖုန်းဆက် အကြောင်းကြားပါမည်။

၂။ လက်မှတ် ရေးထိုးမည့်နေ့တွင် လိုအပ်သော တံဆိပ်ခေါင်း အပြည့်အစုံ ကပ်ထားသော လက်ထပ်စာချုပ် (၂) စောင် နှင့် အသိသက်သေ မြန်မာနိုင်ငံသား (၂)ဦးနှင့်အတူ သံရုံးသို့ လာရောက်ရန် ဖြစ်ပါသည်။ အသိသက်သေ မြန်မာနိုင်ငံသား (၂)ဦး မှာ ၄င်းတို့၏ မြန်မာနိုင်ငံကူး လက်မှတ်မူရင်းများ ယူဆောင်လာရန် လိုအပ်ပါသည်။

၃။ သံရုံးတွင် လက်ထပ် ထားကြောင်း အင်္ဂလိပ်ဘာသာဖြင့် ထောက်ခံစာအား ထုတ်ပေးမည်ဖြစ်ပြီး ထောက် ခံစာခကျသင့်ငွေ မှာ ယန်း ၃၀၀၀/ ဖြစ်ပါသည်။